**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်ရုံး**

**လျှောက်လွှာခေါ်ယူခြင်း**

ကြော်ငြာစာအမှတ် ( ၂/၂၀၂၆ )

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန် လ ၁ ရက်)

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)ရာထူး (၅၀)နေရာအတွက် တက္ကသိုလ်များမှဘွဲ့တစ်ခုခုရရှိပြီး အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၅–၆–၂၀၂၆ ရက်တွင် အသက် (၃၂) နှစ်ထက်မကြီးသူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူ၊ မဟာဘွဲ့ရရှိသူဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။ (ပြည်သူ့စစ်မှုထမ်း တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများအား သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်ထားသော အသက်ထက် (၃)နှစ် တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။)

( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်အား ပူးတွဲတင်ပြရမည်။

(ဃ) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်း ခံခဲ့ရသူ မဖြစ်စေရ။

( င ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ကြောင်း ဝန်ခံကတိပြုနိုင်သူ ဖြစ်ရမည်။

( စ ) ပါတီနိုင်ငံရေးကင်းရှင်းသူ ဖြစ်ရမည်။

(ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

( ဇ ) ပြည်သူ့လွှတ်တော်ရုံး(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားရာတွင် ကိုယ်ရေးလျှောက်လွှာနှင့်အတူ အောက်ပါအချက်များပါဝင်သည့် ကိုယ်ရေးအကျဉ်းတစ်စုံအား လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်–

(က) အမည်၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

( ဂ ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊

(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

( င ) ပညာအရည်အချင်း၊

( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏အလုပ်အကိုင်နှင့် နေရပ်၊

(ဆ) အိမ်ထောင်ရှိ/မရှိ၊

( ဇ ) အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ၊

( ဈ ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊

(ည) ယခင်လုပ်ကိုင်ခဲ့သော အလုပ်အကိုင်ရှိ/မရှိ အား ပြည့်စုံစွာဖော်ပြရန်၊

( ဋ ) ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊

( ဌ ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံဖော်ပြရန်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ၂ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ (၅) ပုံ၊
(ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( ခ ) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊

( ဂ ) ၆ လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာနှင့် မြို့နယ်ရဲစခန်း ထောက်ခံချက်မူရင်း၊

( င ) ၁ လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက်မူရင်း။

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင် သို့မဟုတ် ကိုယ်စားဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့၍ ၁၅-၆-၂၀၂၆ ရက် (တနင်္လာနေ့) အရောက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပါသည်။

၅။ ဖြေဆိုခွင့်ကတ်ပြားများအား ဖြေဆိုခွင့်ရ/မရ ဆက်သွယ်စုံစမ်းပြီးမှသာ ကာယကံရှင် ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်မူရင်းနှင့်တကွ လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ)ကို ၂၀-၆-၂၀၂၆ ရက် (စနေနေ့) နံနက် ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၁-၆-၂၀၂၆ (တနင်္ဂနွေနေ့) တွင် စစ်ဆေးမည် ဖြစ်ပါသည်။

၇။ စာမေးပွဲအောင်မြင်သူများကို ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၈။ လျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်သူ့လွှတ်တော်ရုံး ဖုန်းနံပါတ် ၀၆၇-၄၅၉၁၂၂၀၊ ၀၉-၉၄၄၅၃၆၆၂၁ နှင့် ၀၉-၄၀၂၇၅၇၆၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ပြည်သူ့လွှတ်တော်ရုံး

သို့

ညွှန်ကြားရေးမှူးချုပ်

ပြည်သူ့လွှတ်တော်ရုံး

နေပြည်တော်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန် လ ရက်

အကြောင်းအရာ။ **အငယ်တန်းစာရေးရာထူးနေရာ လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ -------------------------------၊(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------) သည် ပြည်သူ့လွှတ်တော်ရုံးတွင် တာဝန်ထမ်းဆောင်လိုပါသဖြင့် အငယ်တန်းစာရေးရာထူးနေရာခန့်ထားပေးပါရန် လေးစားစွာလျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ ကျွန်မအား ခန့်ထားမည်ဆိုပါက အနည်းဆုံး (၅) နှစ်တာဝန်ထမ်းဆောင်နိုင်ပါကြောင်းနှင့် ပေးအပ်သည့်တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

လက်မှတ် ၊------------------------

အမည် ၊------------------------

နိုင်ငံသားစိစစ်ရေး ၊------------------------
ကတ်ပြားအမှတ်

# ကိုယ်ရေးရာဇဝင်အကျဉ်း

ဓါတ်ပုံ

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန် လ ရက်

၁။ အမည် ၊-----------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊-----------------------------------

၃။ မွေးသက္ကရာဇ်နှင့်အသက် ၊-----------------------------------

၄။ လူမျိုး/ကိုးကွယ်သည့်ဘာသာ ၊-----------------------------------

၅။ ပညာအရည်အချင်း ၊-----------------------------------

၆။ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊-----------------------------------

ဎင်းတို့၏အလုပ်အကိုင်နှင့်နေရပ် ၊-----------------------------------

၊-----------------------------------

၊-----------------------------------

၇။ အိမ်ထောင်ရှိ/မရှိ ၊-----------------------------------

၈။ အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် ၊-----------------------------------

မှတ်ပုံတင်သည့်ရက်စွဲ ၊-----------------------------------

၉။ ဝန်ထမ်းဖြစ်လျှင်လက်ရှိရာထူး၊ လစာနှုန်းနှင့် ၊-----------------------------------

ဌာနအမည် ၊-----------------------------------

၁၀။ ယခင်လုပ်ကိုင်ခဲ့သောအလုပ်အကိုင်ရှိ/မရှိ ၊-----------------------------------

၁၁။ ဆက်သွယ်ရန်ဖုန်းနံပါတ် ၊-----------------------------------

၁၂။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ ၊-----------------------------------

လက်မှတ်